www.sdtimedaily.com
www.facebook.com/standardtimedaily



# တရုတ်-မြန်မာ ကံကြမ္မာတူအသိုက်အဝန်း နက်ရှိုင်းစွာ ဆောင်ရွက်ရေးတွင် အဘယ့်ကြောင့် ဤ“အပြန်အလှန်”များ ပါဝင်ရသနည်း

ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ် အာရှတိုက်ကောလိပ် ပါမောက္ခ စုန့်ချင်းရှင့်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တရုတ်-မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်သည့် နှစ် ၇၀ ပြည့်နှစ် အခါသမယတွင် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖိန်သည် မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့် သွားရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံသည် တရုတ်-မြန်မာ ကံကြမ္မာတူအသိုက်အဝန်း အတူတကွတည်ဆောက်ရေးကို ကြေညာခဲ့ပါသည်။ ယခုနှစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်သည့် ၇၆ နှစ်ပြည့်ဖြစ်ပြီး၊ ယခုနှစ်သည် တရုတ်နိုင်ငံ “၁၅ ကြိမ်မြောက် ၅ နှစ် စီမံကိန်း” စတင်သည့်နှစ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွေ့အကြုံများကို မျှဝေ၍ နိုင်ငံရေးပိုင်းတွင် အပြန်အလှန်ယုံကြည်ချစ်ခင်သော၊ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အပြန်အလှန်အကျိုးရှိသော၊ လုံခြုံရေးအပိုင်းတွင် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်သော၊ လူမှုယဉ်ကျေးမှုအပိုင်းတွင် အပြန်အလှန်ပေါင်းစပ်ကိုးကားသော တရုတ်-မြန်မာ နှစ်နိုင်ငံ ကံကြမ္မာတူ အသိုက်အဝန်းကို အတူတကွတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူများအတွက် ပိုမိုများပြားသော အကျိုးအမြတ်များ သယ်ဆောင်လာမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။



“နိုင်ငံရေးပိုင်းတွင် အပြန်အလှန် ယုံကြည်ချစ်ခင်သော”သည် အပြောင်းအလဲကြီးကာလ တရုတ်-မြန်မာနှစ်နိုင်ငံ အပြင်ပိုင်း ပြည်ပစွက်ဖက်မှုခုခံရေး၊ တည်ငြိမ်သော ဆက်ဆံရေး၏ အုတ်မြစ်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သည် အပြန်အလှန် လေးစားသည့် နိုင်ငံရေး ခိုင်မြဲတည်တံ့မှုဖြင့် ပထဝီနိုင်ငံရေးကွဲပြားမှုကို တန်ပြန်ရပ်တည်ခဲ့ကြပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ၏ မြင့်မားသောနိုင်ငံရေး အပြန်အလှန် ယုံကြည်မှုသည် ၇၆ နှစ်တာ သံတမန်ဆက်ဆံရေးသမိုင်းကြောင်းမှ အခြေတည်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်နိုင်ငံ မဟုတ်သော နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို အတူတကွ အဆိုပြုခဲ့ကာ ၂၀ ရာစု ၁၉၆၀ ပြည့်နှစ်ပိုင်းတွင် နယ်စပ်ပြဿနာကို ချစ်ကြည်စွာ ဆွေးနွေးတိုင်ပင်ဖြေရှင်းခဲ့ပါသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန် ဆက်ဆံရေးသည် ဆွေမျိုးရင်းချာ အိမ်လည်သကဲ့သို့ များပြားခဲ့ပြီး ယခင်ခေါင်းဆောင်ဟောင်းကြီးဖြစ်သည့် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ကိုးကြိမ် သွားရောက်လည်ပတ်ခဲ့ပြီး ခေတ်သစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သမ္မတ ရှီကျင့်ဖိန်သည် ၂၀၂၀ ပြည့်နှစ်၌ မြန်မာနိုင်ငံသို့ သမိုင်းဝင် သွားရောက်လည်ပတ်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တစ်နှစ်အတွင်း တရုတ်နိုင်ငံသို့ နှစ်ကြိမ် လာရောက်လည်ပတ်ခဲ့ပါသည်၊ ခေါင်းဆောင်ကြီးများသည် မဟာဗျူဟာကျ ဆွေးနွေးတိုင်ပင်၍ နှစ်နိုင်ငံယုံကြည်မှု လမ်းကြောင်းကို ခိုင်ခံ့စေခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံရေး အပြန်အလှန် ယုံကြည်မှု ခိုင်ခံ့စေရန်အတွက် အုတ်မြစ်ချပေးနိုင်ခဲ့ပါသည်။

“ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အပြန်အလှန် အကျိုးရှိသော” သည် တရုတ်-မြန်မာ ကံကြမ္မာတူ အသိုက်အဝန်း တည်ငြိမ်စွာ ခရီးဆက်နိုင်ရန်အတွက် တွန်းအားအင်ဂျင်ဖြစ်လာခဲ့ပြီး ထိပ်တန်းနိုင်ငံရေးဘုံသဘောတူညီချက်များကို တူညီသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့အကျိုးခံစားခွင့်၏ တိကျသေချာသော အခြေကျမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ “The Belt and Road”ဆိုင်ရာ အရေးကြီးသော စီမံကိန်း ဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို ဘက်ပေါင်းစုံ အပြန်အလှန်ဆက်သွယ်ပေါက်ရောက်မှုအခြေအနေ တည်ဆောက်သွားမည်ဖြစ်ပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ တရုတ်-မြန်မာ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း၊ နယ်စပ်ဖြတ်ကျော်ရထားလမ်း၊ နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်စသည့် အဓိကစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်လျက်ရှိပါသည်။ မန္တလေးမြို့၊ ရန်ကုန်မြို့၊ ကျောက်ဖြူမြို့ ဆိုသည့် နေရာသုံးနေရာ ပူးပေါင်းဆောင်ရွက်ဖွံ့ဖြိုးတိုးတက်သည့် အခင်းအကျင်းဖြစ်ပေါ်လာပါလိမ့်မည်။ ဤသည်မှာ ဒေသတွင်း စီးပွားရေးပထဝီအခြေအနေကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံစက်မှုလုပ်ငန်းနှင့် ခေတ်မီရေးလုပ်ငန်းစဉ်များအတွက် အင်အားကောင်းသော တွန်းအားများ သွတ်သွင်းနိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးရလဒ်၏ နှစ်ဖက်မျှဝေခံစားမှုကို အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးပုံစံကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်လာခဲ့ပြီး အတိုင်းအတာကြီးမားသော အခြေခံ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများကို တိုးမြှင့်ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဆေးဝါးကုသရေးနှင့် ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အားပေးကူညီခြင်း၊ ကျေးလက်လမ်း၊ သောက်ရေစီမံကိန်းစသည့် “သေးငယ်သော်လည်း လှပသော”ပြည်သူ့အကျိုးပြုစီမံကိန်းများကို အဓိကထား အခြေကျစေခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ ငလျင်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် အခြေခံလူတန်းစား ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တိကျစွာ ချိတ်ဆက်ခဲ့ကာ ပူးပေါင်းဆောင်ရွက်မှု အကျိုးအမြတ်များကို ပြည်သူ့ထံသို့ တိုက်ရိုက်ရောက်ရှိစေခဲ့ပါသည်။

“လုံခြုံရေးအပိုင်းတွင် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သော” သည် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေကြီးကို စောင့်ရှောက်ကာကွယ်ထားသည့် အခြေခံသတ်မှတ်ချက်ဖြစ်ပါသည်။ တူညီသော၊ ဘက်ပေါင်းစုံသော၊ ပူးပေါင်းဆောင်ရွက်သော၊ စဉ်ဆက်မပြတ်သော လုံခြုံရေးအမြင်ကို ထူထောင်၍ တရုတ်-မြန်မာ နှစ်နိုင်ငံသည် အဆင့် အသီးသီး တရားဥပဒေစိုးမိုးရေးဆိုင်ရာတွေ့ဆုံခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ ပူးတွဲကင်းလှည့်စစ်ဆေးခြင်း၊ မှုခင်းများ ညှိနှိုင်းစစ်ဆေးခြင်း၏ ကွင်းဆက်စုံ ညှိနှိုင်းဆောင်ရွက်မှု ယန္တရားကို တည်ထောင်နိုင်ခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်သည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရားဖြင့် အကြိမ်ပေါင်းများစွာ ပူးတွဲတရားဥပဒေစိုးမိုးရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း တရားဥပဒေချိုးဖောက်သူဦးရေ ၄-၅ သောင်း ဖမ်းဆီးနိုင်ခဲ့ပြီး များပြားသောမူးယစ်ဆေးဝါးထုတ်လုပ်သော၊ ပြစ်မှုကျူးလွန်သော စခန်းများကို ဖျက်ဆီးခဲ့ကာ နယ်စပ်ဒေသဘေးကင်းရေးပတ်ဝန်းကျင်အတွက် စဉ်ဆက်မပြတ် ရှင်းလင်းပေးနိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် တရားမျှတသော ရပ်တည်ချက်ဖြင့် မြန်မာတိုင်းရင်းသားများသင့်မြတ်ရေးကို တက်ကြွစွာ ကူညီပေးနိုင်ခဲ့ပြီး ထို့ပြင် နှစ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော် ဘေးအန္တရာယ် ကြိုတင်သတိပေးခြင်း၊ ပူးတွဲကယ်ဆယ်ခြင်း၊ ငလျင်ပြီးနောက် ပြန်လည်ထူထောင်ခြင်းများ တပေါင်းတစည်းတည်းအရေးပေါ်တုံ့ပြန်ခြင်း စနစ်များကို တည်ထောင်ထားပြီး ဘေးအန္တရာယ် အတူကာကွယ်ခြင်း၊ အန္တရာယ်များကို အတူတာဝန်ယူခြင်းများကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ ဘေးကင်းလုံခြုံသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အနောက်တိုင်း၏ အနိုင်အရှုံးနှင့် လုံခြုံရေးလော့ဂျစ်မှ ခုန်ထွက်ခဲ့ပြီး ဒေသတွင်း နယ်မြေဖြတ်ကျော် လုံခြုံရေးနှင့် အုပ်ချုပ်ရေးအတွက် ရင့်ကျက်၍ လုပ်ဆောင်နိုင်ခြေရှိသော တရုတ်-မြန်မာ အစီအမံကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

“လူမှုယဉ်ကျေးမှုအပိုင်းတွင် အပြန်အလှန် ပေါင်းစပ်ကိုးကားသော”သည် တရုတ်-မြန်မာနှစ်နိုင်ငံ ခေတ်အဆက်ဆက် ချစ်ကြည်ရေးကို ထိန်းသိမ်းသည့် စိတ်ဓာတ်အခြေခံဖြစ်ပါသည်၊ တရုတ်-မြန်မာ ကုန်သွယ်ရေး အပြန်အလှန် ပေါက်ရောက်ခြင်း၊ လူများအပြန်အလှန် သွားလာခြင်း၊ ယဉ်ကျေးမှုကူးလူးပေါင်းစပ်မှု အပြန်အလှန်ကိုးကားခြင်းသည် နှစ်ထောင်ချီရှိနေပြီဖြစ်ကာ ထန်မင်းဆက်ခေတ်မှ ပျူနိုင်ငံယဉ်ကျေးမှုအဖွဲ့ ချန်အန်းမြို့တော် (ယနေ့ ရှီးအန်းမြို့)သို့ လာရောက်ဖျော်ဖြေတင်ဆက်မှု ဖလှယ်သည့်အကြောင်းသည် ယနေ့အထိ ပြောစမှတ်ရှိနေခဲ့ပါသည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ မြန်မာနိုင်ငံသို့ ကိုးကြိမ် သွားရောက်လည်ပတ်သည့် ခရီးစဉ်တွင် မြန်မာပြည်သူများနှင့် သင်္ကြန်ပွဲတော် အတူဆင်နွှဲခဲ့သည့်နွေးထွေးသော အကြောင်းအရာသည် ယနေ့ခေတ် တရုတ်- မြန်မာ နှစ်နိုင်ငံ ကံကြမ္မာတူအသိုက်အဝန်းအတွက် အသက်ဝင်ဆုံးသောသမိုင်းဝင် အနက်ဖွင့်ဆိုမှုကို ရေးသားနိုင်ခဲ့ပါသည်။ ပေကျင်းမြို့ ဗုဒ္ဓရောင်ခြည်ကျောင်းတိုက်မှ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ အပူဇော်ခံ လေးကြိမ် ကြွရောက်ခဲ့ပြီး သန်းနှင့်ချီသော မြန်မာပြည်သူများ လာရောက်ဖူးမြော်ခဲ့ကြကာ ယနေ့အခါတွင် ပျော်ရွှင်ဖွယ်ရာ နွေဦးပွဲတော်၊ လက်ဖက်ယဉ်ကျေးမှုပွဲတော်၊ လူငယ်ဖျော်ဖြေတင်ဆက်မှု၊ ဆယ်လီများ အပြန်အလှန်လည်ပတ်မှု၊ ဝူရှူး (သိုင်းပညာ) အပြန်အလှန်ဖလှယ်မှုစသည့် အမျိုးစုံလင်သော အရပ်ဘက်လှုပ်ရှားမှု ပုံမှန်အနေအထားအရ လုပ်ဆောင်ခြင်း၊ အပြန်အလှန် ပညာတော်သင်ကျောင်းသားများစေလွှတ်ခြင်း၊ မီဒီယာများပူးတွဲဖန်တီးမှု အစီအစဉ်များပြုလုပ်ခြင်း၊ နယ်မြေဖြတ်ကျော်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ် နက်ရှိုင်းစွာ ဆောင်ရွက်ခြင်း စသည်တို့ဖြင့် နှစ်နိုင်ငံ ပြည်သူများ၏ အကွာအဝေးကို ဘက်ပေါင်းစုံမှ နီးကပ်လာစေခဲ့ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းသောအဆင့်၊ ပိုမိုကျယ်ပြန့်သော နယ်ပယ်တို့၏ အပိုင်းသစ်သို့ ဝင်ရောက်လာသည်နှင့်အမျှ တရုတ်-မြန်မာနှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် အဆင့်မြှင့်တင်ပေးရပါမည်။ အခြေခံ အဆောက်အအုံ၊ သိပ္ပံပညာ၊ ကုန်သွယ်ရေး၊ တရားဥပဒေ၊ AI ၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ကုန်စည်ပို့ဆောင်ရေး စသည့်ဘာသာရပ်များကို အတူတကွ တိုးချဲ့စီမံဆောင်ရွက်ပေး၍ ပိုမိုများပြားသော ဘက်ပေါင်းစုံ ထူးချွန်သူများကို ပျိုးထောင်ပေးခြင်းဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံ ကြမ္မာတူ အသိုက်အဝန်း တည်ဆောက်ရေးအတွက် ပိုမိုများပြားသော ရှင်သန်အားများ သွတ်သွင်းပေးနိုင်ရန် အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။